အောင်စိုးသူ

# လူထုကြိုက်အောင်လုပ်

ရေးချင်လို့ရေးခဲ့သော

The First Weekly News ဂျာနယ်ခေါင်းကြီးများ



အောင်စိုးသူ၏ နိဒါန်းစကား

**ရေးချင်လို့ ရေးခဲ့သော**

The First Weekly News

**အယ်ဒီတာချုပ်၏ နိဒါန်းစကား**

ဂျာနယ်မှာ ဒီခေါင်းကြီးတွေကို
ဘာကြောင့် ရေးခဲ့သလဲဆိုရင်
ရက်စွဲတွေကို ဖတ်ကြည့်လိုက်တာနဲ့
အဲဒီ အချိန် အဲဒီ ကာလမှာ
ဖြစ်ပေါ်ပြောင်းလဲနေတဲ့
မြန်မာနိုင်ငံရေးသမိုင်းဖြစ်စဉ်တွေကို
သိရှိနိုင်ပြီး
စာဖတ်ပရိသတ်တွေရဲ့ရင်ထဲ
ကျယ်ပြန့်တဲ့ အတွေးစတွေ
ရောက်ရှိလာနိုင်စေဖို့
ရေးချင်လို့ ရေးခဲ့တဲ့
ရေးသင့်လို့ ရေးခဲ့တဲ့
စာတွေဆိုတာ သစ္စာဆိုရဲပါတယ်။

**အောင်စိုးသူ**

**The First Weekly News ဂျာနယ်**

**The Frist Music News ဂျာနယ်**

***

## ဆရာဇော်ဇော်အောင်ရဲ့ အမှာ

ကိုအောင်စိုးသူကို ကျွန်တော် ကောင်းကောင်းသိခဲ့ပါတယ်။ ၈၈ အရေးတော်ပုံကာလ မတိုင်မီနဲ့ အရေးတော်ပုံကာလတွေအတွင်းမှာ ဆိုပါတော့။ အခုဆိုရင် ကိုအောင်စိုးသူဟာ အောင်မြင်တဲ့ မီဒီယာသမားတစ်ယောက် ဖြစ်နေပါပြီ။ The First Music News နဲ့ The First Weekly စတဲ့ နာမည်ဂျာနယ် ၂ စောင်ကို ဦးစီးဦးကိုင် ပြုနေနိုင်ပါပြီ။ အဲဒီ လို အယ်ဒီတာချုပ် အမှုဆောင်အရာရှိချုပ် မဖြစ်ခင်ကတည်းက ကျွန်တော်နဲ့ သိကျွမ်းခဲ့တာပါ။ ခင်မင်စရာကောင်းတဲ့ သူတစ်ဦး ဖြစ်ပါတယ်။ အရည်အချင်းပြည့်ဝတဲ့ အယ်တီတာကောင်းလည်း ဖြစ်ပါတယ်။ ဂျာနယ်နှစ်စောင်ကို ဝေဝေဆာဆာနဲ့ ပရိတ်သတ်အကြိုက်တွေ့အောင်၊ ဖတ်ချင်စရာဖြစ်အောင် လုပ်တတ်တယ်ဆိုတာ ဒီနေ့ခေတ် နည်းပညာတွေနဲ့ သိပ်ခက်ခဲ ရုန်းကန်ရတာ ရှိမယ် မထင်ပါ။ (ကျွန်တော့်အထင်ပဲ ဖစ်ချင်ဖြစ်နေပါလိမ့်မယ်။) ဒါပေမယ့် အယ်တီတာကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေထဲမှာ အရေးကြီးဆုံးကတော့ (အရပ်စကားနဲ့ပြောရရင်) ဂျာနယ်ရဲ့ “လိုင်း” က ပိုအရေးကြီးပါတယ်။ ဘယ် “လိုင်း” ပေါ်မှာ ရပ်သလဲ။ ဘယ်သူ့ဘက်ကလဲ။ အကျယ်ပြောရရင်တော့ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးအယူအဆတွေအပေါ်မှာ မူတည်နေပါတယ်။ အဲဒီ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးရေးနဲ့ နိုင်ငံရေးအယူအဆတွေဟာ ဘယ်သူ့အတွက်၊ ဘယ်သူ့ဘက်က ရပ်တည်ရေးသားနေသလဲ။ အရင်သုံးခဲ့တဲ့ လက်ဂဲဆန်တဲ့ ဝေါဟာရကတော့ ပြည်သူဆိုတာပါပဲ။ ပြည်သူ့ဘက်က ရပ်တည်တယ်။ ပြည်သူ့အတွက် ရေးတယ်။ အခုနေအားဖြင့် ကျွန်တော်ကတော့ “လူထု”လို့ သုံးချင်တယ်။ (အဓိပ္ပါယ်အနက် သဘောမကွဲပြားပါဘူး) လူထုအတွက်၊ လူထုဘက်က ရပ်တည်တယ်ဆိုရင်

ယောဘုယျအားဖြင့် ဒီဂျာနယ်နဲ့ ဒီဂျာနယ်ကို ဦးစီးဦးကိုင်လုပ်နေတဲ့သူတွေ "လိုင်း" မှန်တယ်လို့ ကျွန်တော် ဆိုချင်ပါတယ်။

ကျွန်တော် သတိထားမိတဲ့ ကိုအောင်စိုးသူဟာ ဂျာနယ်ခေတ်မတိုင်မီ စတိုင်သစ်မဂ္ဂဇင်းကိုလည်း ပြည်သူ့အတွက် ပြည်သူ့ဘက်က ရပ်တည်မည်ဆိုတဲ့ ကြွေးကြော်သံကို ကိုင်စွဲပြီး အောင်မြင်စွာ ဦးစီးပဲ့ကိုင်ရပ်တည်ပြနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒီကြွေးကြော်သံကိုပဲ ဂျာနယ် ၂ စောင်ထုတ်တော့လည်း မူဝါဒအဖြစ် ပြတ်သားစွာ ရပ်တည်ကျင့်သုံးခဲ့သူလို့ ယုံကြည်ပါတယ်။ ကိုအောင်စိုးသူဟာ မှန်ကန်တဲ့ "လိုင်း"ပေါ်မှာ ရပ်နေသူဖြစ်သလို၊ အယ်ဒီတာကောင်းတစ်ယောက်ရဲ့ အရည်အချင်းနဲ့လည်း ပြည့်စုံသူလို့ ပြောရမှာပါ။ သူ့အဖွဲ့သား မီဒီယာသမား အစုံအလင်၊ အစုအသင်းကိုလည်း မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ "တင်"ပြီး ဦးဆောင်ခေါင်ငင်သွားနေသူတစ်ဦးလို့လည်း ထင်ပါတယ်။ အခုလည်း သူ့ရဲ့ The First Weekly News Journal မှာ အပတ်စဉ်ရေးခဲ့တဲ့ခေါင်းကြီး "အယ်ဒီတာ့အာဘော်" တွေကို စုပြီး စာအုပ်ထုတ်မယ်လို့ စီစဉ်နေတာ သိရတော့ အပတ်စဉ်ရေးခဲ့တဲ့ အယ်ဒီတာ့အာဘော်တွေ၊ ဂျာနယ်ခေါင်းကြီးတွေကို တခုတ်တရ စောင့်ဖတ်နေကြသူတွေကိုလည်း အများအပြား တွေ့ရပါတယ်။ တကယ်တော့ သတင်းစာတစ်စောင်၊ ဂျာနယ်တစ်စောင်မှာ အရေးအကြီးဆုံး အနှစ်အသားက ခေါင်းကြီးပိုင်းအရေးအသား (အယ်ဒီတာ့အာဘော်) ဖြစ်တယ်ဆိုတာ ဂျာနယ်လောက၊ မီဒီယာလောက၊ စာပေလောကက သတ်မှတ်လက်ခံထားကြပါတယ်။ ဒီခေါင်းကြီးပိုင်း အာဘော်များစာအုပ်က ရတဲ့အကျိုးအမြတ်တွေကိုလည်း အများအကျိုးအတွက် မကြွင်းမကျန် လှူဒါန်းသွားမယ်လို့လည်း သိရတယ်။ သာဓု ခေါ်လိုက်ပါတယ်။ သာဓုဆိုတာ ကျွန်တော် ခေါ်ရိုးခေါ်စဉ် နားယဉ်နေတဲ့ စကားလုံးပဲပေါ့။ မြန်မာစာပေါ်ဦးစ ပုဂံခေတ်ကတော့ "ကောင်းလှောင့်တေး၊ ကောင်းလှောင့်တေး" လို့ ခေါ်ကြသတဲ့။ ကိုအောင်စိုးသူရေ ကာလ၊ ဒေသ၊ အချိန်အခါအရ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်တွေအပေါ်

အခြေခံပြီး ရေးချင်းလို့ ရေးခဲ့တဲ့ ဒီခေါင်းကြီးပိုင်း "အယ်ဒီတာ့အာဘော်"တွေကို စာအုပ်ထုတ်ပြီး ရောင်းရတဲ့ အကျိုးအမြတ်ကို အားလုံးလှယ်မယ်ဆိုတာ သိပ် "မိုက်"တယ်။ ကြိုဆိုပါတယ်။ ကိုအောင်စိုးသူနဲ့တကွ ဂျာနယ်အဖွဲ့သူ၊ အဖွဲ့သားများ အစုအသင်းအားလုံး "လန်း" ကြပါစေ။

**ဇော်ဇော်အောင်**

**၉ ရက်၊ ဇန်နဝါရီ ၂၀၁၃**

***

# ညှို့ထွန်းရဲ့ အညွှန်း

First Weekly သတင်းဂျာနယ် အယ်ဒီတာချုပ် ကိုအောင်စိုးသူရေးတဲ့ ခေါင်းကြီးတွေကို အပတ်စဉ် စောင့်ဖတ်နေရတဲ့အထဲမှာ ကျွန်တော်လည်း ပါပါတယ်။ ရက်စွဲတွေက သမိုင်းရဲ့စကားတွေကို ပြောနေတယ်ဆိုတဲ့ ဆိုရိုးအတိုင်း First Weekly မှာ အပတ်စဉ် Title တင်ပြီး သတင်းတည်ဆောက်မှု၊ ဆောင်းပါးတည်ဆောက်မှုတွေဟာ လက်ရှိထွက်နေတဲ့ ဘယ်သတင်းဂျာနယ်နဲ့မှ မတူတာကိုလည်း သတိထားမိပါတယ်။ သတင်းစာဆရာကြီး ဦးဝင်းတင်စကားကို ငှားပြောရရင် ခေတ်ဝန်ကိုထမ်း၊ ခေတ်လမ်းကိုလျှောက်နေတဲ့ မျက်မှောက်ခေတ် နိုင်ငံရေးသမိုင်းကို ထောက်ပြရေးခြစ်နေသူတွေလို့ ဆိုချင်ပါတယ်။ ရက်သတ္တတစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွေ၊ မြန်မာ့ဒီရေလှိုင်းတွေ၊ မြန်မာ့နိုင်ငံရေး ရေစီးကြောင်းတွေ ဘယ်လိုချိုးကွေ့နေသလဲ။ ဘယ်လိုစီးဆင်းနေသလဲ။ ဘယ်လိုထုဆစ်နေသလဲ။ ဘယ်လိုလှိုင်းတန်နေသလဲဆိုတာကို သိချင်ရင် First Weekly သတင်းဂျာနယ်မှာ ခေါင်းစဉ်တင်ပြီး အပတ်စဉ်ရေးနေတဲ့ ခေါင်းကြီးတွေကိုဖတ်ရင် ကျယ်ပြန့်တဲ့ အတွေးနဲ့ နိုင်ငံရေးသမိုင်း သဲလွန်စတွေကို တွေ့ရမှာ ဖြစ်ပါတယ်။

ဥပမာ - လာဘ်ပေးလာဘ်ယူကိစ္စတွေ၊ နိုင်ငံတော်ရဲ့ ဝန်ထမ်းတွေဟာ ဝန်ထမ်းကျင့်ဝတ်နဲ့ မညီတာတွေကို ပြည်သူလုထုက ကျယ်ကျယ်လောင်လောင် ပြောလာတဲ့အပတ်မှာ First Weekly က "ပြည်သူ့ဝန်ထမ်းနဲ့ ပြည်သူ့ဝန်ထုပ်" ဆိုတဲ့ ခေါင်းစဉ်မျိုးကိုတင်ပြီး ဆွေးနွေးရေးသားလာမှုတွေ၊ နိုင်ငံတော်သမ္မတရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အရ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့် အပါအဝင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ

ပြန်လွှတ်လာတဲ့ အပတ်မျိုးမှာ First Weekly က "ဆရာကောင်းကိုရွေးချယ်၊ ဆရာဆိုးကို ငြင်းပယ်" ဆိုတဲ့ ခေါင်းစဉ်မျိုး၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမယ့် ရက်သတ္တ တစ်ပတ်မှာဆို Frist Weekly က "ဘယ်သူ့ကို ရွေးချယ်မှာလဲ၊ ဘယ်သူ့ကို မဲပေးမှာလဲ" ဆိုတဲ့ ခေါင်းစဉ်မျိုး၊ အထင်ကရ နိုင်ငံရေးသမားတွေနဲ့ တာဝန်ရှိသူတွေက ကတိတွေ လွယ်လွယ်ပေး၊ စကားတွေ လွယ်လွယ်ပြောလာတဲ့ ရက်သတ္တ တစ်ပတ်ဆိုရင် "စကားအဆိပ်" ဆိုတဲ့ ခေါင်းစဉ်မျိုးတွေနဲ့ ရေးသားလာတာတွေဟာ ရက်စွဲတွေက ပြောတဲ့ နိုင်ငံရေးသမိုင်းဖြစ်စဉ်တွေပါပဲ။

ဒ့ါကြောင့် ကိုအောင်စိုးသူရေးတဲ့ ခေါင်းကြီးတစ်ပုဒ်ကို ဖတ်ပြီးရင် အဲဒီ ခေါင်းကြီးရေးတဲ့ ရက်စွဲကိုလည်း ကြည့်ပြီး အတွေးပွားလို့ကောင်းတဲ့ ခေါင်းကြီးတွေပါ။ ချုပ်ပြောရရင် ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ ဘာဖြစ်နေသလဲ။ ဘာတွေပြောချင်နေသလဲ။ ဘာတွေ ခံစားနေရသလဲဆိုတာ ကိုအောင်စိုးသူရေးတဲ့ ခေါင်းကြီးတွေကရော၊ ရက်စွဲတွေကရော သမိုင်းသဲလွန်စတွေကို ရှာဖွေတွေ့ရှိရမှာလည်း ဖြစ်ပါတယ်။ ဖြစ်ပျက်နေတဲ့ ပဋိပက္ခဖြစ်စဉ်တွေကို ခေါင်းစဉ်လှလှလေးတွေ၊ ကျမ်းဂန်လာ ဘုရားဟော တရားဓမ္မတွေနဲ့ ခြယ်မှုန်းရေးသားထားတဲ့ ခေါင်းကြီးတွေဆိုတာ ကျွန်တော် ညွှန်းစရာတောင် မလိုတော့ပါဘူး။ သူ့ရင်ထဲမှာ ဘာရှိတယ်။ ဘယ်လောက်ရှိတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို ဘယ်လောက်တိုးတက်စေချင်သလဲဆိုတာ သူရေးတဲ့ ဂျာနယ်ခေါင်းကြီးတွေကို ဖတ်ကြည့်ရင် သိလာမှာပါ။ ဒီတော့ စာဖတ်ပရိသတ်များအနေနဲ့ ဒီစာအုပ်ကို ဖတ်ကြည့်ကြပါ။ ပြီးတော့ တွေးကြည့်ကြပါ။ ရက်စွဲတွေကပြောတဲ့ သမိုင်းသင်ခန်းစာတွေကို ရှာဖွေရယူနိုင်ပါစေလို့ ဆန္ဒပြုရင်း သူငယ်ချင်းအောင်စိုးသူရဲ့ ရေးချင်လို့ ရေးတဲ့ First Weekly ခေါင်းကြီးများစာအုပ်ကို ထောက်ခံသမှု ပြုလိုက်ရပါတယ်။

**ညိုထွန်း**

အထွေထွေအတွင်းရေးမှူး

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (၁၉၈၈)

***

## ဓမ္မ၊ အဓမ္မ မျှမျှတတ တွေးခေါ်မြော်မြင်နိုင်သည့် တည်ဆောက်ထိန်းချုပ်နိုင်သော စိတ်ထားပီဇမျိုးရှိဖို့လိုအပ်

(၁)

လူသားတစ်ယောက်အတွက် တန်းတူအခွင့်အရေးနှင့် မိမိပင်ကိုယ်အစွမ်းအစမျှတအောင် ပေါင်းစပ်နိုင်လျှင် မိမိမိသားစု၊ မိမိရပ်ရွာ၊ မိမိမြို့နယ်၊ မိမိတိုင်း၊ မိမိနိုင်ငံသည် ကမ္ဘာကိုရင်ဘောင်တန်းနိုင်သည်။ ကြီးပွားတိုးတက်ရေး လမ်းစပေါ်ကို မလွဲမသွေရောက်မည် ဖြစ်ပါသည်။ တန်းတူအခွင့်အရေးဟူသည် ရိုးသားနိုးကြား သန့်စင်စွာပေးအပ်လာသော၊ သန့်စင်စွာရရှိလာသော အခွင့်အရေးကိုသာ ဆိုလိုသည်။ မနာလိုစိတ် မစ္ဆရိယစိတ်များဖြင့် လူသားအချင်းချင်းအင်အားကြီး သူက၊ အင်အားနည်းသူကို ဖိနှင်းကန်ထုတ်ရင်းရသော မရိုးသားသည့် အခွင့်အရေး ဟိန်းဟောက်အကြပ်ကိုင် အလဲထိုးရင်း တစ်ဖက်သား၏ မျက်ရည်များသာ၊ ဆန့်ကျင်ဘက်ဘဝများစွာကို ဖြတ်ကျော်နင်းချေရင်းရသော လွန်ကဲသည့်အတ္တဖြင့် မဖြစ်မနေရယူလိုသည့် အခွင့်အရေးကို မဆိုလိုပေ။ မေတ္တာဖြင့်ယှဉ်သော စေတနာ၊ မုဒိတာ ဖြင့်ယှဉ်သော အကျိုးကျေးဇူး မိမိအတ္တ၊ မိမိအကျိုးအတွက် အခွင့်အရေးမျိုးကို ရရှိလာသော ငါတည်းဟူသော မာန်မာန အတ္တ ဘယ်သူသေသေ ငါမသေဆိုသည့် အဓိကဆိုသည့် အသိတရား အယူအဆများ ပေကျန်စွန်းထင်းလာပါကလည်း မည်သည့်နည်းနှင့် ကြီးပွားတိုးတက်လာမည်ဖြစ်စေ ဘုရားမကြိုက်သော တိုးတက်မှု၊ အများမကြိုက်သော တိုးတက်မှုသာ ဖြစ်ပေလိမ့်မည်။ ထို့အတူ

ပင်ကိုယ်အစွမ်းအစဆိုရာ၌ လည်း စာနာစိတ်စေတနာကို
ရိုးသားစွာပြုစုပျိုးထောင်ရင်း ဓမ္မ၊ အဓမ္မ မှန်မှန်တတွေးခေါ်မြော်မြင်နိုင်သော
တည်ဆောက်ထိန်းချုပ်နိုင်သော စိတ်ထားဗီဇမျိုးကိုသာ ဆိုလိုပါသည်။

***

# (၂

ကျားသေလျှင် ကျားရေကျန်ခဲ့သလို လူသေလျှင် နာမည်ကျန်ခဲ့ဖို့
လိုအပ်ပါသည်။ တစ်ချို့ရခဲလှသော လူ့ရွာလောက ဘုံဌာနကို
ရောက်ရှိခဲ့သော်လည်း၊ ထူးခြားစွာ ဘဝအခွင့်အရေးတရားများ ရရှိခဲ့သော်လည်း၊
ညီညွတ်မှုတစွာအများအကျိုးကိုယှဉ်သည့် အတွေးအခေါ်မြော်မြင်လမ်းပြနိုင်ခဲ့ခြင်း၊
အနာဂတ်ကို ချင့်မျှော်လှမ်းကြည့်ဖို့ ပျက်ကွက်ခြင်း မျက်စိတစ်ဆုံးသာ
ကြည့်တတ်သူတို့သည် လူမသေခင်ပင် မိမိအမည် မိမိသမိုင်းသည် သေခဲ့ကြရသည်။
ထိုလူမျိုးသေဆုံးခဲ့သော် ချန်ထားရစ်ခဲ့သည့်လုပ်ရပ်၊ လမ်းစဉ်၊ စာမျက်နှာများသည်
အများ၏ စံနမူနာကောင်း ယူစရာများအဖြင့် တည်ရှိနိုင်မည်လည်း မဟုတ်ချေ။
ထို့ကြောင့် အများပြည်သူ ပိုင်းစိုးခြယ်လှယ်လွှမ်းမိုးနိုင်သော ခေါင်းဆောင်ဆိုသူများ
စာဖတ်ပရိသတ်အပေါ် ပိုင်စိုးချယ်လှယ်ထိန်းချုပ်လွှမ်းမိုးနိုင်သော
အယ်ဒီတာဆိုသူများ စာရေးဆရာများသည် အနာဂတ်ကို ချင့်မျှော်တွေးခြင်းမရှိ
လွဲမှားသောအတွေးအခေါ်၊ မှိုင်းတိုက်သော စာမျက်နှာ၊ ဩဝါဒ၊ လမ်းမှားပို့သော
အယူအဆသဘောတရား၊ မိန့်ခွန်းမှုများဖြင့် ယာယီကြီးပွားတိုးတက်ရေး၊
တစ်ပွဲထိုးပြဿနာဖြေရှင်းရေး၊ နောင်ခါလာနောင်ခါစျေးဆိုသော
သေးသိမ်သည့်စိတ်ဓာတ်များဖြင့် မှားယွင်းသော ဖြတ်လမ်းများအပေါ်သို့
မပို့ဆောင်အပ်ပေ။ မကောင်းသော မသန့်စင်သော အခွင့်အရေး၊
မမျှတသောပေါင်းစပ်မှု၊ လွဲမှားသော၊ တာဝန်ယူစိတ်ကင်းမဲ့သော

ဗီဇစိတ်များကိုလည်း တိုးပွားအောင်မပြုစုသင့်ပေ။ ညီညွတ်မျှတခြင်းဟူသော စကားရပ်ကို နှုတ်ခမ်းဝမှာ ဝါဒဖြန့် ခွန်းဟခြင်းထက် နှလုံးသားခြင်း၊ စိတ်ရင်းစေတနာကောင်းခြင်း၊ မျှတသောညီညွတ်ခြင်းဖြင့်သာ ခဲကပ်စွာ ခွန်းဟပေါင်းစည်း ဆွေးနွေးအဖြေရှာသင့်ပေသည်။ ဆရာဝန်တစ်ယောက် ဆေးထိုးမှားခြင်းသည် လူတစ်ယောက်၏ အသက်သာ ဆုံးရှုံးသည်။ တာဝန်ရှိသောလူတစ်ယောက်၊ တာဝန်ရှိသော ပုဂ္ဂိုလ်တစ်ယောက် အယူအဆအတွေးအခေါ်မှားခြင်းသည် ဘဝများစွာ၊ အနာဂတ်များစွာအပေါ် အဆိပ်ခတ်မှိုင်းတိုက်ခြင်းမည်ပေသည်။ လမ်းစဉ်တစ်ခု၊ ဥပဒေတစ်ခု၊ စည်းကမ်းချက်တစ်ခုကို မဆိုထားနှင့် စာတစ်ကြောင်း စာတစ်ပိုဒ်၊ စာတစ်ရွက်၊ စာတစ်အုပ်ပြုစုနိုင်ခွင့်ရခဲ့သည်ရှိသော် အများပြည်သူအတွက် စေတနာနှင့်ယှဉ်သော် အကျိုးရလဒ်တော့ အနိမ့်ဆုံးအဆင့်ဖြစ်ရန် လိုအပ်ပေသည်ဟု ကျွန်ုပ်တို့နှလုံးသွင်းခံယူစေသင့်ပါသည်။ ထို့ကြောင့်-------။

***

## (၃)

တိုင်းပြည်နှင့်လူမျိုးကို ပြုစုပျိုးထောင်သည့်စာမျိုးကို ရေးသားရင်း ဖော်ပြစီစဉ်ရင်း ပြဋ္ဌာန်းရင်း မိခင်တိုင်းပြည်၏ နို့ဖိုးကို ဆပ်နိုင်ကြပါစေဟု ဆရာကြီးမင်းသုဝဏ်မသေမီ သွားရောက်ဂါရဝပြုစဉ် ဆရာကြီးက ဆိုဆုံးမသြဝါဒပေးလိုက်သော စကားရပ်ကလေးကို အဖန်ဖန်အထပ်ထပ် ကြားယောင်နေမိ၏ ။ ဘဝတစ်လျှောက်လုံး နယ်ပယ်အသီးသီး ပုဂ္ဂိုလ်အသီးသီးကို ဧင်းပေတံဖြင့်သာ ကျွန်ုပ်တိုင်းတာခဲ့ဖူးသည်ကိုလည်း ဝန်ခံချင်ပါသည်။ နှလုံးသားမလှသော ညီညွတ်မျှတသော အသိအမှတ်ပြု ဂါရဝတရား၊ ထားရှိရှိသေရေး၊ မှန်ကန်သောလူသား၊ တန်းတူအခွင့်အရေးများနှင့်

သန့်စင်ရိုးသားသော စိတ်ဓာတ်ဗီဇများကို ပြုစုပေးထောင်ပေးရင်း အမိနိုင်ငံတော်ရဲ့ နို့ရည်တစ်စက်ဖိုးမျှဖြစ်ဖြစ် ကျေးဇူးဆပ်နိုင်ကြစေရန် ရည်ရွယ်နှိုးဆော်လိုက်ရပေသတည်း။

***